**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၅ / ၂၀၁၃)**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

အကြောင်းအရာ။ **ပြည်ပမှအခမဲ့တင်သွင်းသည့်နမူနာပစ္စည်းများနှင့်ကြော်ငြာပစ္စည်းများ၏ တန်ဖိုး ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

၁။ ပြည်ပမှအခမဲ့တင်သွင်းသည့် နမူနာပစ္စည်းများနှင့် ကြော်ငြာပစ္စည်းများသည် တန်ဖိုး အမေရိကန်ဒေါ်လာ (၅၀)ထက်မပိုပါက သွင်းကုန်လိုင်စင်/ ပါမစ်လျှောက်ထားရန်မလိုဘဲ တင်သွင်းခွင့်ပြုကြောင်း ၁-၁၂-၁၉၉၈ ရက်စွဲပါ ထုတ်ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၁၇/၉၈) ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ ယခုအခါ ပြောင်းလဲတိုးတက်လာသည့် အခြေအနေများနှင့်လိုက်လျောညီထွေဖြစ်စေရန် အတွက် သွင်းကုန်လိုင်စင်/ပါမစ်ရယူရန်မလိုဘဲ ပြည်ပမှအခမဲ့တင်သွင်းသော နမူနာပစ္စည်းများနှင့် ကြော်ငြာပစ္စည်းများ၏တန်ဖိုးကို ဤသတင်းလွှာထုတ်ပြန်သည့်နေ့မှစ၍ အမေရိကန်ဒေါ်လာ (၅၀) အစား အမေရိကန်ဒေါ်လာ (၅၀၀)ထက်မပိုသည့် တန်ဖိုးအဖြစ် သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**